သလ္လာနာရာမတ္တံ ဝေ၊ ဥတုဘေးရန်ကို ပယ်ဖျောက်နိုင်ရုံ တပါးတည်း ကိန်းအောင်းခြင်း၌ မွေ့လျော်နိုင်ရုံ အကျိုးငှါ သာလျှင်။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ ပဋိ- သေဝါမိ၊ မှီဝဲပါ၏။

## ဘေသဇ္ဇ ပစ္စဝေက္ခဏာ

ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ- ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယာ- ဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာဗဇ္ဈ ပရမတာယ။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ (ပဋိသင်္ခါယ)၊ ပညာဖြင့် ဆင်ခြင်၍။ ဂိလာနပစ္စယဘေသဇ္ဇ- ပရိက္ခာရံ၊ ဂိလာန၏ ရောဂါအတွက် ဆန့်ကျင်ဘက်ဖြစ်၍ အသက်၏ အရံအကာ အဆောက် အဦးဖြစ်သော ဆေးကို။

---

**ဝိသုဒ္ဓိမဂ်။** ။ရောဂဿ ပဋိအယနဋ္ဌေန ပစ္စယော၊ ဂိလာန- ပစ္စယော ဝ ဘေသဇ္ဇံ ဂိလာနပစ္စယဘေသဇ္ဇံ – ဂိလာန၏ ရောဂါ၏ ဆန့်ကျင်ဘက်ဖြစ်သော ဆေး၊ ပရိက္ခာ- ရောတိ။ပ။ ဣုမ သမ္ဘာရေပိ (အကြောင်း အဆောက်အဦး) ပရိဝါရေပိ (အရံအကာ) ဝဋ္ဋတိ။

**ဥပ္ပန္နာနံ**တိ ဇာတာနံ ဘူတာနံ နိဗ္ဗတ္တာနံ။ [ ဖြစ်ပြီးသော ဒုက္ခဝေဒနာတို့သည် သူ့အလိုလို ဥပါဒ်ဗြိဘင်စေက ချုပ် ပျောက်မြဲဖြစ်၍ ဆေးဖြင့် တားမြစ်ဘွယ် မလို၊ ထို့ကြောင့် ဖြစ်ပြီးဝေဒနာနှင့်တူသော ဖြစ်လတ့ံဝေဒနာများကို ယူ၊ ထို